# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၉ / ၂၀၂၄

၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်

( ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် )

## လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် မြေသိမ်းမှုပြဿနာများကို လျင်မြန်စွာဖြေရှင်းဆောင်ရွက်နိုင်ရန် **"လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ည) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့အားလုံး | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၂) |

၂။ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြေရှင်း နိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) ယခင်မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီလက်ထက်က အစီရင်ခံစာ အပိုင်း(၁)မှ (၁၈)ထိ ပြန်လည်စိစစ်ရန် ကျန်ရှိသောအမှုတွဲများအား သက်ဆိုင်ရာဝန်ကြီး ဌာနများနှင့် နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စုလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီအဆင့်ဆင့်က ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြေရှင်းနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ဂ) **သ**က်ဆိုင်ရာဝန်ကြီးဌာနများ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက ပြန်လည် စွန့်လွှတ်သည့် လယ်ယာမြေများကို မူလလုပ်ကိုင်ခဲ့သော သက်ဆိုင်သူများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ပေးအပ်နိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) မြေယာပြဿနာများနှင့်ပတ်သက်၍ နေပြည်တော် / တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်က ဖြေရှင်း ဆောင်ရွက်ရာတွင် မြေကို စီမံခန့်ခွဲလျက်ရှိသော ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၊ ဝန်ကြီးဌာနများ၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးစည်ပင်သာယာရေးကော်မတီများက ကျင့်သုံး လျက်ရှိသည့် မြေစီမံခန့်ခွဲမှုဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ခြင်း ရှိ/ မရှိ စိစစ်ခြင်း၊

(င) သိမ်းဆည်းမြေတိုင်ကြားစာများနှင့်ပတ်**သ**က်၍ (၁၈.၉.၁၉၈၈) ရက်နောက်ပိုင်း မြေသိမ်းဆည်းမှုကိုသာ စိစစ်ဖြေရှင်းဆောင်ရွက်သွားရန်၊

(စ) ဥပဒေနှင့်အညီ လွှဲပြောင်းရယူထားပြီး နိုင်ငံတော်နှင့် အများပြည်သူအကျိုးငှာ အမှန်တကယ်လက်တွေ့အသုံးပြုနေသည့် လယ်ယာမြေနှင့် အခြားမြေများကို သက်ဆိုင်ရာဌာနများက စွန့်လွှတ်ခြင်းမပြုဘဲ ဆက်လက်လုပ်ကိုင်ခွင့်ပြုရန်၊ မူလ ပိုင်ရှင် (သို့မဟုတ်) အမွေစားအမွေခံအား ယခင်နှင့်ယခုကာလဒေသ၏ပေါက်ဈေး တို့ကို အခြေခံ၍ သင့်လျော်သည့် လျော်ကြေး၊ နစ်နာကြေးပေးရန်၊

(ဆ) လျော်ကြေးပေးပြီးသည့် ကိစ္စရပ်များတွင် လျော်ကြေးနည်းပါးသည့်အတွက် ထပ်မံ တောင်းဆိုလာသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ယခင်ကာလနှုန်းထားဖြင့်လျော်ကြေး ပေးချေပြီးဖြစ်သဖြင့် အဆိုပါကာလဆုံးဖြတ်ချက်အတိုင်းသာ အတည်ပြုရန်၊

(ဇ) သိမ်းဆည်းစဉ်က လျော်ကြေး၊ နစ်နာကြေး ပေးအပ်ခဲ့သော်လည်း ရယူခဲ့ခြင်း မရှိသူများအတွက် သက်ဆိုင်ရာအဖွဲ့အစည်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် နေပြည်တော်ကောင်စီတို့၏ အစီအစဉ်ဖြင့် ပြန်လည် စွန့်လွှတ်ခြင်း သို့မဟုတ် ဒေသ၏ ယခင်နှင့်ယခုကာလဒေသ၏ပေါက်ဈေးတို့ကို အခြေခံ၍ သင့်လျော်သည့် လျော်ကြေး၊ နစ်နာကြေးပေးခြင်း ဆောင်ရွက်ရန်၊

(ဈ) ဥပဒေမဲ့သိမ်းဆည်းခဲ့ပြီး လုပ်ပိုင်ခွင့်အာဏာရှိသူများနှင့်ပူးပေါင်း၍ လ/န(၃၉)၊ မြေစာရင်း ပုံစံ(၁၀၅)၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)စသည်ဖြင့် ရယူထားခြင်းတို့ကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကလည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီတို့ကလည်းကောင်း တည်ဆဲ ဥပဒေများနှင့်အညီ ပယ်ဖျက်မိန့် ထုတ်ပြန်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ပြီး သိမ်းဆည်း ခံရသူ မူလတောင်သူလယ်သမားများထံသို့ ပြန်လည်စွန့်လွှတ်ပေးအပ်နိုင်ရေး ဆောင်ရွက်ရန်။

၃။ "လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ" သည် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်းပြီး လိုအပ်သောတာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ဆောင်ရွက်နိုင်သည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၅ – ၂ – ၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၁ / ၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ